TUESDAY, 31MARCH - 6APRIL, 2015
THE FLOWER NEWS VOL.14, NO.62
Beautiful YUNNAN
Yunnan Daily Press Group THE FLOWER NEWS
အရေးကြီးသတင်း A

# အခွင့်အလမ်းတံခါးဖွင့်၍ ကျော်လွှားစွာ ဖွံ့ဖြိုးတိုးတက်နိုင်ရေးဖော်ဆောင်

## ယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ချိန်ဟောင်နှင့် တွေ့ဆုံမေးမြန်းခြင်း

"လမ်းစသစ်ကနေပြီး နောက်ထပ်အဆင့်သစ် တက်နိုင်မလားဆိုတာအတွက် သော့ချက်မှာ ကျွန်တော်တို့အနေနဲ့ အခွင့်အလမ်းတံခါးဖွင့်လှစ်ပြီး ကျော်လွှားစွာ ဖွံ့ဖြိုးတိုးတက်ရေးကို ဖော်ဆောင်နိုင်မလား အပေါ်မှာမူတည်နေပါတယ်။" ဒွါဒသမအကြိမ် ပြည်လုံးကျွတ် ပြည်သူ့ကွန်ဂရက် တတိယကြိမ်မြောက် အစည်းအဝေး ကျင်းပစဉ်အတွင်းယူနန်ပြည်နယ် အုပ်ချုပ်ရေးမှူး ချိန်ဟောင်သည် ပေကျင်းမြို့၌ ယူနန်နေ့စဉ်သတင်းစာမှ သတင်းထောက်၏ အင်တာဗျူးကို လက်ခံပြီး "ကျော်လွှားစွာ ဖွံ့ဖြိုးတိုးတက်နိုင်ရေး လမ်းတစ်လမ်း ထွင်ကြစို့" ခေါင်းစဉ်ဖြင့် ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်ရေး အကြောင်းကို ဖြေကြားခဲ့ပါသည်။

ယခုနှစ် ဇန်နဝါရီလပိုင်းတွင် ပါတီအထွေထွေ အတွင်းရေးမှူး ရှီကျင့်ဖင်က ယူနန်ပြည်နယ်ကိုလာရောက် လှည့်လည်ကြည့်ရှုစဉ် ယူနန်ပြည်နယ်အနေဖြင့် နိုင်ငံတော်၏ မဟာဗျူဟာမြောက် စီမံကိန်းထဲလက်ဦးမှုရှိရှိနှင့် ဝန်ဆောင်မှုပေးပြီး ပေါင်းသွင်းထားကြောင်း၊ ကျော်လွှားစွာ ဖွံ့ဖြိုးတိုးတက်နိုင်သော လမ်းတစ်လမ်းထွင်လို ကြောင်း၊ တရုတ်တိုင်းရင်းသားစည်းလုံးတိုးတက်ရေး၏ စံပြဇုန်၊ ဇီဝဂေဟယဉ်ကျေးမှု တည်ဆောက်ရေး၏ရှေ့ဆောင်လမ်းပြ၊ တောင်အာရှ၊ အရှေ့တောင်အာရှသို့ မျက်နှာမူသည့် ဖြာထွက်ရေးစင်တာအဖြစ် ကြိုးကြိုးစားစား တည်ဆောက် သွားလိုကြောင်း မှာကြားခဲ့ပါသည်။

သမိုင်းဝင် အခွင့်အလမ်းသည် ယူနန်ပြည်နယ်ထံသို့ လျှောက်လှမ်းလာနေပါသည်။ ချိန်ဟောင်က (၁၀) နှစ်တာကာလအတွင်း ဆက်တိုက် ရစ်သီခဲ့သည့်နောက် ၂၀၁၄ခုနှစ်တွင် ယူနန်ပြည်နယ်၏ စီးပွားရေးစုစုပေါင်း ပမာဏမှာ တစ်ပြည်လုံး၏အဆင့်နေရာတွင် ပထမဆုံးအကြိမ် မြင့်တက်လာနိုင်ခဲ့ကြောင်း၊ စက်မှုကာလအလယ်ပိုင်းမှ စက်မှုကာလနောင်းပိုင်းသို့ ကူးပြောင်းနေသည့် အဆင့်သစ်သို့ စတင်ဝင်ရောက်နေပြီ ဖြစ်ကြောင်း၊ နိုင်ငံတော်အနေဖြင့် အလယ်ပိုင်း၊ အနောက်ပိုင်း ဒေသများအပေါ် ကားလမ်း၊ ရထားလမ်း၊ ဆည်မြောင်းလုပ်ငန်း စသည့်လုပ်ငန်းများ၏ ရင်းနှီးမြှုပ်နှံမှုကို တိုးမြှင့်ဆောင်ရွက်ပြီး "ဇုန်တစ်ဇုန် လမ်းတစ်လမ်း"၊ ပေကျင်း၊ ထျန်းကျင်း၊ ဟိုပေစီးပွားရေးဇုန်နှင့် ယန်စီမြစ်ဝှမ်းစီးပွားရေးဇုန် စသည့်မဟာဗျူဟာမြောက် စီမံကိန်း(၃)ရပ်၏ ဖော်ဆောင်ခြင်းသည် ယူနန်ပြည်နယ်နှင့် ခွဲမရဘဲ ဆက်စပ်မိကြောင်းဖြင့် ပြောကြားသွားပါသည်။

နိုင်ငံတော်၏ မဟာဗျူဟာမြောက် စီမံကိန်းများထဲ လက်ဦးမှုရှိရှိနှင့် ဝန်ဆောင်မှုပေးပြီး ပေါင်းသွင်းသွားမှသာ အခွင့်အလမ်းကောင်းကို အမှန်တကယ် မိမိရရ ဆုပ်ကိုင်နိုင်မည် ဖြစ်ကြောင်း၊ သို့မှသာ တရုတ်အိပ်မက် ယူနန်အခန်းကဏ္ဍကို အကောင်းဆုံး ဖော်ဆောင်နိုင်မည်ဖြစ်ကြောင်းဖြင့် ချိန်ဟောင်က ဤသို့ပြော ကြားသွားသည်။ ယူနန်ပြည်နယ်၏ ဖွံ့ဖြိုးတိုးတက်မှုသည် "စောင့်မျှော်မှု၊ မှီခိုမှု၊ တောင်းခံမှု" ဟူသော သမားရိုးကျ အတွေးအမြင်ဟောင်းများကို ထိုးဖောက်ရမည်ဖြစ်ကြောင်း၊ မဟာဗျူဟာ အတွေးအမြင်နှင့် အစုံအလင် အတွေးအမြင်တို့ဖြင့် ဖွံ့ဖြိုးတိုးတက်မှု ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ လက်ဦးမှုရှိရှိနှင့် ဝန်ဆောင်ပေးမှု၊ တက်ကြွစွာ ပေါင်းသွင်းပါဝင်မှုဟူသော အတွေးအမြင်သစ်ကို စွဲမြဲစွာ ထူထောင်ရမည်ဖြစ်ပြီး ယူနန်ပြည်နယ်သည် နိုင်ငံတော်၏ မဟာဗျူဟာအတွင်း ဖွံ့ဖြိုးတိုးတက်ရေး အဆင့်နေရာကို ကောင်းမွန်စွာ နားလည်သိရှိရန် လိုအပ်ကြောင်း၊ ယူနန်ပြည်နယ်အား နယ်စွန်နယ်ဖျားနှင့် အစွန်အဖျားဒေသမှ တံခါးဖွင့်ရှေ့တန်းနှင့် ဖြာထွက်မှုစင်တာအဖြစ်သို့ ပြောင်းလဲစေပြီး ပြည်ပသို့ တံခါးဖွင့်ရန် မြေမြင့်အသစ်အဖြစ် တည်ဆောက်ကြရမည် ဖြစ်ကြောင်း။

"ပုံစံပြောင်းလဲခြင်း၊ ဖွဲ့စည်းပုံပြင်ဆင်ခြင်းဟာ စီးပွားရေးဖွံ့ဖြိုးတိုးတက်ရန်အတွက် အလားအလာလည်းဖြစ်၊ စီးပွားရေးဖွံ့ဖြိုးတိုးတက်မှုရဲ့ အရည်အသွေးနဲ့ အကျိုးဖြစ်ထွန်းမှုရဲ့သော့ချက်လည်းဖြစ်ပါတယ်"။ ချိန်ဟောင်သည် ဖွံ့ဖြိုးတိုးတက်မှု၏ အရည်အသွေး အကြောင်းနှင့်စပ်လျဉ်း၍ ပြောကြားရာတွင် ယူနန်ပြည်နယ်သည် ကျော်လွှားစွာ ဖွံ့ဖြိုးတိုးတက်နိုင်သည့် လမ်းတစ်လမ်း ထွင်ရမည်ဖြစ်ပြီး ကျော်လွှားစွာ ဖွံ့ဖြိုးတိုးတက်အောင် ဖော်ဆောင်ရမည်ဖြစ်ကြောင်း၊ အရှိန်နှုန်းသည် အရေးကြီးသော်လည်း တစ်ခုတည်းသော ရည်ရွယ်ချက်မဟုတ်ပါဟု ပြောကြားသွားပါသည်။

"တိုးတက်မှုတွန်းအားအသစ်နဲ့ ပိုင်ဆိုင်မှုအားသာချက်ကို ဖန်တီးပါက ဆန်းသစ်တီထွင်မှုရဲ့ အရေးပါတဲ့ အကြောင်းအချက်များကို စုစည်းထားတာဟာ သော့ချက်ဖြစ်ပါတယ်။ ဆန်းသစ်တီထွင်မှုရဲ့ တွန်းအားကိုပိုမို ထင်ရှားတဲ့ မဟာဗျူဟာမြောက် အဆင့်နေရာမှာ ထားရှိရမယ်ဖြစ်ပါတယ်။" ဆန်းသစ်တီထွင်မှုသည် ချိန်ဟောင်အတွက် စိတ်အဝင်စားဆုံးသော အကြောင်း အရာဖြစ်သည်။ ဖွဲ့စည်းပုံစနစ်၊ စီမံဆောင်ရွက်မှုစနစ် ဆန်းသစ်တီထွင်မှုနှင့် သိပ္ပံနည်းပညာဆန်းသစ်တီထွင်မှုတို့ကို အားကိုးပြီး ဖွံ့ဖြိုးတိုးတက်မှုအတွက် တွန်းအားတိုးပေးစေရမည်ဖြစ်ကြောင်း၊ ပြုပြင်ပြောင်းလဲမှုကို အဆက်မပြတ် နက်ရှိုင်းစွာ ဆောင်ရွက်ရမည်ဖြစ်ကြောင်း၊ ဖွဲ့စည်းပုံစနစ်၊ စီမံဆောင်ရွက်မှုစနစ်၏ အတားအဆီးတို့ကို အားစိုက် ဖယ်ထုတ်ရမည်ဖြစ်ကြောင်း၊ ဈေးကွက်ဆန်သော တီထွင်မှုစနစ်မျိုးကို ပျိုးထောင်ရမည်ဖြစ်ကြောင်း၊ မျှတသော၊ ပွင့်လင်းမြင်သာသော စနစ်တကျ ပြိုင်ဆိုင်သောဈေးကွက် ပတ်ဝန်းကျင်ကို ဖန်တီး ပေးရမည်ဖြစ်ကြောင်း၊ ဆန်းသစ်တီထွင်မှုအတွက် ပြီးပြည့်စုံသော အားပေးချီးမြှောက်သည့် စနစ်ထူထောင်ရမည်ဖြစ်ကြောင်း၊ ဆန်းသစ်တီထွင်မှု မဟာဗျူဟာကို ဘက်စုံဖော်ဆောင်နိုင်ရန်အတွက် စနစ်ရေးရာအာမခံချက် ပေးရမည်ဖြစ်ကြောင်း၊ လုပ်ငန်းများ၏ သိပ္ပံနည်းပညာဆိုင်ရာ ဆန်းသစ်တီထွင်မှု၏ ပင်မနေရာ အဆင့်အတန်းကို မြှင့်တင်ပေးပြီး ယူနန်ပြည်နယ်တွင် အားသာချက် များစွာနှင့်ပြည့်စုံသော ဇီဝသိပ္ပံနည်းပညာ၊ သံမဟုတ်သော သတ္တုဆိုင်ရာ သိပ္ပံနည်းပညာစသည့်ဘက်တွင် ပိုများသော ထိုးဖောက်မှုများရရှိအောင် ကြိုးပမ်းသွားရမည်ဖြစ်ကြောင်း၊ ပြင်ပမှခေါ်ယူမှု၊ သိမ်းသွင်း လက်ခံမှုနှင့် ပြန်လည်ဆန်းသစ် တီထွင်မှုကို အထူးဂရုစိုက်ရမည်ဖြစ်ကြောင်း၊ အားသာသည်များကို ပိုမိုအားသာစေပြီး အားနည်းသည်များကိုလည်း ဖြည့်တင်းပေးနိုင်ရန် ဆောင်ရွက်ရမည်ဖြစ်ကြောင်း စသည်ဖြင့်ပြောကြားသွားပါသည်။



ယင်ချောင်ဖင်

**သက်ဆိုင်ရာလင့်ခ်များ---**

## "ဇုန်တစ်ဇုန်လမ်းတစ်လမ်း"ထဲ ပေါင်းသွင်းနိုင်ရန် ယူနန်အနေနှင့် ဆောင်ရွက်နေ

ယူနန်ပြည်နယ်သည် တရုတ်ပြည်၏ အနောက်တောင်ပိုင်း နယ်စပ်ဒေသတွင် တည်ရှိနေပါသည်။ အရှေ့တောင်အာရှ၊ တောင်အာရှနိုင်ငံများနှင့် နယ်နိမိတ်ချင်း ဆက်စပ်မိပါသည်။ တရုတ်ပြည်မှ အရှေ့တောင်အာရှ၊ တောင်အာရှဒေသတို့နှင့် ချိတ်ဆက်ပြီး အနီးဆုံးသောလမ်းကြောင်း တစ်လမ်းဖြစ်သည်။ ယခုနှစ်များအတွင်း တရုတ်ပြည်၏ ပြည်ပတံခါးဖွင့် ခြေလှမ်း ပိုမိုလျင်မြန်လာသည်နှင့်အမျှ ယူနန်ပြည်နယ်၏ နယ်စွန်နယ်ဖျား အားသာချက်မှာ အဆက်မပြတ်ပေါ်လွင်ထင်ရှားလာနေပါသည်။

၂၀၁၄ခုနှစ် နောက်ပိုင်းတွင် ယူနန်ပြည်နယ်အနေနှင့် "ဇုန်တစ်ဇုန်လမ်းတစ်လမ်း"၊ယန်စီမြစ်စီးပွားရေးဇုန်စသည့် နိုင်ငံတော်၏ အရေးပါသည့် မဟာဗျူဟာများထဲ လက်ဦးမှုရှိရှိနှင့်ဝန်ဆောင်မှုပေးပြီး ပေါင်းသွင်းပေးခဲ့ပါသည်။ ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံစီမံကိန်းကြီး၏ အစဦးပိုင်းရရှိရန် စီမံကိန်းကို တက်ကြွစွာ ဖော်ဆောင်ခဲ့ပါသည်။ ရွှေလီအလေးပေးဖွံ့ဖြိုးမှုနှင့် တံခါးဖွင့်မှုစမ်းသပ်ရေးဇုန်၊ မော်ဟန်၊ ဟော်ခိုနယ်စပ် ဖြတ်ကျော်စီးပွားရေးပူးပေါင်းဆောင်ရွက်မှုဇုန်၊ လင်ချန်းနယ်စပ်စီးပွားရေး ပူးပေါင်းဆောင်ရွက်မှုဇုန်တို့ကိုတည် ဆောက်ခြင်းဖြင့် ပို့ကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၈.၈ ဘီလီယံ ဖော်ဆောင်ခဲ့ပြီး ၂၀ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း၊ သွင်းကုန်ပမာဏမှာ အမေရိကန်ဒေါ်လာ ၁၀.၈၂ ဘီလီယံ ဖော်ဆောင်ခဲ့ပြီး ၁၂.၃ ရာခိုင်နှုန်း တိုးတက်ခဲ့ကြောင်း သိရသည်။

ရှေ့ဆက်လက်၍ ယူနန်သည် ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာ စီးပွားရေးစင်္ကြံ၊ မဟာမဲခေါင်ဒေသ ခွဲစီးပွားရေးပူးပေါင်းဆောင်ရွက်မှု အစီအစဉ်ထဲတက်ကြွစွာ ပါဝင်သွားမည်ဖြစ်ပြီး ယူနန်-အိန္ဒိယ၊ ယူနန်-မြန်မာပူးပေါင်းဆောင်ရွက်ရေးစနစ်၊ ယူနန်နှင့် ဗီယက်နမ်နိုင်ငံမြောက်ပိုင်း၊ လာအိုနိုင်ငံမြောက်ပိုင်း ပူးပေါင်းဆောင်ရွက်ရေး စနစ်တို့ကို ပြီးပြည့်စုံအောင် ဆောင်ရွက်သွားမည်ဖြစ်သည်။ တရုတ်-အာဆီယံ လွတ်လပ်စွာ ကုန်သွယ်ရေးဇုန်၏ အဆင့်မြှင့်တင်ရန် လုပ်ငန်းကို ဆောင်ရွက်ပြီး ယူနန်ပြည်နယ်နှင့် အိမ်နီးချင်းနိုင်ငံများအကြား နှစ်ဘက်နှင့် အဘက်ဘက်ဆိုင်ရာ ပူးပေါင်းဆောင်ရွက်ရေး အဆင့်အတန်းကို ခြေလှမ်းမှန်မှန် မြှင့်တင်သွားရမည်ဖြစ်သည်။ တချိန်တည်းတွင် အိမ်နီးချင်းနိုင်ငံများနှင့် လမ်းပန်း ဆက်သွယ်ရေး အခြေခံ အဆောက်အအုံနှင့် သယ်ယူပို့ဆောင်ရေး စနစ်များအကြား ချိတ်ဆက်မှုနှင့်ဖလှယ်မှု တိုးမြှင့်ဆောင်ရွက်သွားမည်ဖြစ်ပြီး အရင်းအမြစ်ဆိုင်ရာ ထွက်ကုန် တင်သွင်းခြင်းကို တိုးချဲ့ကာ လုပ်ငန်းရှင်များအား ပြည်ပသို့ ထွက်ရန်ကို အားပေးမည်ဖြစ်သည်။ ပြည်ပရင်းနှီးမြှုပ်နှံမှု ရှယ်ယာအချိုးအစားကန့်သတ်ချက်ကို သက်သာခွင့်ပေးပြီး လက်ရှိရှယ်ယာပိုင်ခွင့်အပေါ် ရင်းနှီးမြှုပ်နှံရန် ပြည်ပ ရင်းနှီးမြှုပ်နှံသူကို ထောက်ခံအားပေးပြီး ပြည်ပသို့ တံခါးဖွင့်ရန် အဆင့်အတန်းမြှင့်တင်စေမည်ဖြစ်သည်။

ရှီကွမ်လင်

ပိုမိုများပြားသော သတင်းအချက်အလက်များကို သိလိုလျှင် ယူနန်အမြန်သတင်းစဉ် ဝက်ဆိုက် ကိုဝင်ရောက်ပါ။
english.yunnan.cn

# တရုတ်နိုင်ငံယူနန်ပြည်နယ်လင်ချန်းမြို့သည်ဆောင်ရွက်ချက်များဖြင့် နယ်စပ်နေပြည်သူများ၏အသက်အိုးအိမ်၊ စီးပွားဥစ္စာလုံခြုံရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးကို အတိအကျ ကာကွယ်

မတ် ၁၅ ရက်တွင် သတင်းထောက်သည် ယူနန်ပြည်နယ် လင်ချန်းမြို့အစိုးရ သတင်းရေးရာဌာနမှ ရရှိသောသတင်းအရ မတ်၁၃ရက်ညနေပိုင်းတွင် မြန်မာ့စစ်လေယာဉ်မှဗုံးချ၍ တရုတ်နယ်နိမိတ်အတွင်းပေါက်ကွဲပြီး ဒေသခံပြည်သူများအား သေဆုံးဒဏ်ရာရစေပြီးနောက် လင်ချန်းမြို့အစိုးရသည် နယ်စပ်နေပြည်သူလူထုများ၏ အသက်အိုးအိမ်နှင့် စီးပွားဥစ္စာလုံခြုံရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးကို အတိအကျ ကာကွယ်နိုင်ရန် ဆောင်ရွက်ချက်များစွာဖြင့် လျင်မြန်စွာ စီမံဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မိတ်ဆက်ခြင်းအရ မတ်၁၃ရက်ညနေပိုင်းတွင် မြန်မာ့စစ်လေယာဉ်မှ ဗုံးများသည် တရုတ်နယ်နိမိတ်တွင် ကျခဲ့ပြီး လင်ချန်းမြို့ကင်မာခရိုင်၊ မုန်တိန်မြို့၊ တာရွှေရှန်းဆုကျေးရွာအနီး ကြံခင်းတွင်အလုပ်လုပ်နေကြသော အပြစ်မဲ့ရွာသူရွာသား(၅)ဦးသေဆုံးစေခဲ့ပြီး (၈)ဦးဒဏ်ရာရရှိစေခဲ့ကာ အချို့သောနေအိမ်စသည့်ဥစ္စာပစ္စည်းများကိုလည်း ထိခိုက်ပျက်စီးစေခဲ့ကြောင်း၊ ယင်းအခင်းဖြစ်ပွားပြီးနောက် တရုတ်ဗဟိုအစိုးရနှင့် ယူနန်ပြည်နယ်ပါတီကော်မတီ၊ ပြည်နယ်အစိုးရတို့သည် ညွှန်ကြားချက်နှင့် အမိန့်များ ချက်ချင်း ချမှတ်ခဲ့ကြောင်း၊ လင်ချန်းမြို့၊ ခရိုင်၊ ကျေးရွာအုပ်စုမှပါတီကော်မတီ၊ အစိုးရအဆင့်ဆင့်တို့သည် ချက်ချင်း စီမံဆောင်ရွက်ပြီး အခင်းစီမံဆောင်ရွက်ရေးအဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ကြောင်း၊ ကျန်းမာရေး၊ နိုင်ငံခြားရေး၊ ကယ်ဆယ်ရေးနှင့် ပြန်လည်နေရာချထားရေး၊ ပြည်သူ့လုံခြုံရေး စသည့်ဌာနများစည်းရုံးပြီး အခင်းဖြစ်ပွားရာနေရာသို့ အရေးပေါ်ခရီးနှင်သွားကာ ဒဏ်ရာရသူများ ကယ်ဆယ်ကုသပေးပြီး ဒဏ်ရာရပြည်သူများ၏ အသက်ကိုအတတ်နိုင်ဆုံးကယ်တင်ကုသပြီး သေဆုံးသူ၏ကျန်ရစ်သူမိသားစုဝင်များကို ဂရုတစိုက်နှစ်သိမ့်ခဲ့ကြောင်း၊ လင်ချန်းမြို့ ပါတီကော်မတီအတွင်းရေးမှူး လီရှောင်ဖင်၊ မြို့တော်ဝန်ယန်ဟောင်တုံးတို့သည် လင်ချန်းမြို့ပြည်သူ့ဆေးရုံသို့သွားရောက်ပြီး ဆေးကုသမှုခံယူနေသောလူနာနှစ်ဦးနှင့် ၄င်းတို့၏ မိသားစုဝင်များကို ကြည့်ရှုနှစ်သိမ့်ခဲ့ကြောင်း၊ လင်ချန်းမြို့ပါတီကော်မတီ၊ မြို့အစိုးရနှင့်ဌာနဆိုင်ရာ ခေါင်းဆောင်များက ကင်မာခရိုင်ပါတီကော်မတီ၊ ခရိုင်အစိုးရ ခေါင်းဆောင်တို့နှင့် မုန်တိန်ခရိုင်ဆေးရုံသို့ သွားရောက်ကြပြီး ဆေးကုသမှုခံယူနေကြသော ဒဏ်ရာရသူ(၆)ဦးတို့ကို ကြည့်ရှုနှစ်သိမ့်ခဲ့ကြောင်း၊ လောလောဆယ်တွင် လင်ချန်းမြို့သည် သေဆုံးသူတစ်ဦးချင်းစီ၏ကျန်ရစ်သူမိသားစုဝင်များနှင့် ပြန်လည်စီမံဆောင်ရွက်ရေးအဖွဲ့တစ်ဖွဲ့စီ ဖွဲ့စည်းပြီး သေဆုံးသူများ၏ နေအိမ်သို့ အသီးသီးသွားရောက်ကာ ပြန်လည်စီမံဆောင်ရွက်မှုနှင့် ဖြေသိမ့်မှုလုပ်ငန်းများ ပြုလုပ်ပေးလျက်ရှိကြောင်း၊ သင်္ဂြိုဟ်စရိတ်အဖြစ် သေဆုံးသူတစ်ဦးလျှင် ယွမ်နှစ်သောင်းပေးအပ်ပြီး ကျေးလက်နေပြည်သူများ ခံစားနိုင်သောဦးစားပေး ပေါ်လစီများကို အထူးခံစားခွင့်ပေးထားကြောင်း၊ သေဆုံးသူ(၅)ဦးအား မတ်၁၄ရက်တွင် မြေမြှုပ်သင်္ဂြိုဟ်ပြီးဖြစ်ကြောင်း သိရသည်။

သက်ဆိုင်ရာများက အခင်းဖြစ်ပွားရာနေရာကို ချက်ချင်းပိတ်ဆို့ခဲ့ပြီး သက်သေခံပစ္စည်းများထုတ်ယူခြင်း၊ ပုံသေစေခြင်းစသည့် စုံစမ်းစစ်ဆေးရေးလုပ်ငန်းများကိုပြုလုပ်ခဲ့သည်။ နိုင်ငံခြားရေးဌာနနှင့် နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့တို့သည် မြန်မာနိုင်ငံကိုးကန့်ဒေသရှိ တပ်ဘက်နှင့်ချက်ချင်း အတိအလင်းကမ်းလှမ်းခဲ့ပြီး မြန်မာဘက်အနေနှင့် ယင်းအခင်းကို ထိရောက်စွာစုံစမ်းစစ်ဆေးပြီး အခင်းဖန်တီးသူကို ထိထိရောက်ရောက် အရေးယူပေးကာ ရလဒ်ကို တရုတ်ဘက်သို့ အကြောင်းပြန်ပေးရမည်ဖြစ်ကြောင်း၊ သေဆုံးသူနှင့် ၄င်းတို့၏ကျန်ရစ်သူမိသားစုများ အတွက်ဝန်ချတောင်းပန်ပြီး ဆုံးရှုံးမှုအတွက် လျော်ပေးရမည်ဖြစ်ကြောင်း၊ သက်ဆိုင်ရာ နည်းလမ်းများဖြင့် နောက်နောင်တွင် ထိုသို့သော အခင်းမျိုး ထပ်မံမဖြစ်ပွားစေရန် တားမြစ်ရမည်ဖြစ်ကြောင်း တင်ပြခဲ့သည်။

နယ်ခံတပ်ဖွဲ့၊ လက်နက်ကိုင်ရဲတပ်ဖွဲ့၊ ပြည်သူ့လုံခြုံရေး ရဲတပ်ဖွဲ့၊ နယ်စပ်ကာကွယ်ရေးတပ်ဖွဲ့နှင့် သက်ဆိုင်ရာဌာနများသည် နယ်စပ်ကင်းလှည့်စစ်ဆေးရေးနှင့် ကာကွယ်ထိန်းချုပ်ရေးလုပ်ငန်းများကို ပိုမိုပြုလုပ်ပြီး တရားမဝင် ပြည်ဝင်ပြည်ထွက်မှု၊ ပြည်ပမှ ခဲယမ်းမီးကျောက်စသည့်ပိတ်ပင်တားမြစ်ရန်ပစ္စည်းများ ပြည်တွင်းသို့စီးဝင်မှုတို့ကို တင်းတင်းကျပ်ကျပ် ကာကွယ်ပြီး နယ်စပ်နေပြည်သူလူထု၏ အသက်အိုးအိမ်၊ စီးပွားဥစ္စာလုံခြုံရေးနှင့် နယ်စပ်ဒေသတည်ငြိမ်ရေးကို အတိအကျ ကာကွယ်ပေးရမည်ဖြစ်သည်။

လင်ချန်းမြို့တွင် အရာရှိအဆင့်ဆင့်များကို လျင်မြန်စွာ စည်းရုံးထားပြီး နယ်စပ်ကျေးရွာများသို့ ဝင်ရောက်ကာ လုံခြုံမှုကာကွယ်ရန်အတွက် ဘက်ပေါင်းစုံ အသိပေးလျက်ရှိပြီး ဒေသခံပြည်သူလူထုများကို နှစ်သိမ့်ကာ ရုန်းရင်းဆန်ခတ် မဖြစ်စေရန် ထိန်းသိမ်းခဲ့သည်။ နယ်စပ်ဒေသ၌ စစ်တပ်နှင့် ရဲအင်အားများတိုးချဲ့ခဲ့ပြီး နယ်စပ်ကာကွယ်ထိန်းသိမ်းရေး လုပ်ငန်းများကို အတည်တကျ လုပ်ဆောင်ကာ နယ်စပ်ဒေသနေပြည်သူလူထုများ၏ အသက်အိုးအိမ်၊ စီးပွားဥစ္စာ လုံခြုံရေးများကို ကာကွယ်လျက်ရှိသည်။ ထို့ပြင် အောက်ခြေအစိုးရဝန်ထမ်းနှင့် ပြည်သူလူထုများကို ဆက်လက် စည်းရုံးပြီး နယ်စပ်ဒေသနေရွာသူရွာသားများ၏ အိမ်ခေါင်မိုးနှင့် နယ်စပ်မျဉ်းကြောင်းတလျှောက်တွင် တရုတ်နိုင်ငံတော်အလံများကို စိုက်ထူစေကြသည်။

သတင်းစဉ်

## အာရှလေကြောင်းလိုင်းဖွံ့ဖြိုးတိုးတက်ရေးညီလာခံ ကူမင်းမြို့၌ ကျင်းပ ••••••••••••••••••

ယူနန်ပြည်နယ်အတွင်းရှိ ရောင်စုံပန်းမာန်များဖြင့် မွမ်းမံထားသောဒေါင်းနှင့်ဆင်ရုပ်ရှေ့တွင် နိုင်ငံအသီးသီးမှရေ ာက်ရှိလာကြသည့် ဧည့်သည်များသည် စုပေါင်းဓာတ်ပုံတဖွဲဖွဲ ရိုက်ကြသည်။ တရုတ်ရိုးရာ ဆန်သော အဆိုအကများသည် အသားအရောင်ချင်း မတူညီကြသောနိုင်ငံတကာ မိတ်ဆွေများကကင်မရာ ရှတ္တာခလုတ်နှိပ်၍ ဓာတ်ပုံရိုက်ကြရန် ဆွဲဆောင်နေကြသည်။

မတ် ၁၅ ရက်တွင် (၃)ရက်ကြာကျင်းပမည့် (၁၃)ကြိမ်မြောက် အာရှလေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်ရေးညီလာခံကို ကူမင်းမြို့ဟိုင်ကင်ခန်းမဆောင်တွင် ဖွင့်လှစ်ခဲ့သည်။ တစ်ကမ္ဘာလုံးရှိ လေကြောင်းကုမ္ပဏီ ၁၁၃ ခု၊ လေဆိပ် ၂၈၃ ခု၊ အစိုးရခရီးသွားရေးဌာန ၄၅ ခုတို့မှဧည့်သည်တော်တစ်ထောင်ကျော်တို့သည် ညီလာခံကို ပါဝင်တက်ရောက်ခဲ့ကြသည်။ အကုန်အကျနည်းပါးသောလေကြောင်းလိုင်းဖြင့် တရုတ်နှင့်မြောက်အာရှဒေသတို့တွင်တိုးချဲ့နိုင်ရေး၊ လေကြောင်းလိုင်းဖွင့်လှစ်နိုင်ရေး၏ အလားအလာနှင့် စီမံဆောင်ရွက်ရေး၊ လေကြောင်းလိုင်းဖွင့်လှစ်ရန် ပေါ်လစီဆိုင်ရာ ထောက်ခံအားပေးမှု၊ တရုတ်ဈေးကွက်၏ အခွင့်အလမ်းကိုမည်သို့ပင်ရယူမည်နည်းစသည့် အကြောင်းအရာများနှင့် ပတ်သက်၍ ဆွေးနွေးဖလှယ်ခဲ့သည်။

မိတ်ဆက်ခြင်းအရ ယူနန်လေကြောင်းလုပ်ငန်း၏ အားသာချက်ကို ကောင်းမွန်စွာ အသုံးပြုဖော်ထုတ်နိုင်ရန် ယူနန်ပြည်နယ်သည် လေကြောင်း လိုင်းကို ရှေ့ပြေးလုပ်ငန်းအဖြစ် ထားပြီး အထွေထွေလမ်းပန်း ဆက်သွယ်ရေး "ငါးနှစ်စီမံကိန်းကြီး"ကို အကောင်အထည်ဖော်ကာ ၂၀၂၀ခုနှစ်ကျလျှင် ပင်မလေကြောင်းလိုင်းနှင့် လေကြောင်းလိုင်းခွဲများမှ လေဆိပ် (မြို့ပြလေဆိပ်ဟုလည်းခေါ်တွင်သည်)အခု(၂၀)တည်ဆောက်မည်ဖြစ်ကြောင်း၊ ပြည်တွင်းပြည်ပ လေကြောင်းလိုင်း(၄၁၀)ကြောင်းနှင့်အထက်ဖွင့်လှစ်မည်ဖြစ်ပြီး တစ်နှစ်လျှင် ခရီးသည်ဦးရေ သန်း ၁၀၀ အထိ ပို့ဆောင်၍ တရုတ်နိုင်ငံ၏ လေကြောင်းအင်အားတောင့်တင်းသောရှေ့တန်းကျပြည်နယ်အဖြစ် တည်ဆောက်သွားမည်ဖြစ်ကြောင်း၊ တရုတ်နိုင်ငံမြို့ပြလေကြောင်းဦးစီးဌာနချုပ်သည်ယခင်အတိုင်း ကူမင်းလေဆိပ်၏အချက်အချာကျသောအခန်းကဏ္ဍတွင် ပါဝင်နေသည်ကိုဆက်လက် ထောက်ခံအားပေး၍ ဒေသတွင်း တဆင့်ခံပြောင်းစီးနိုင်မည့်စွမ်းဆောင်ရည်ကိုဆက်လက်မြှင့်တင်ပေးမည်ဖြစ်ကြောင်း၊ လေကြောင်းကုမ္ပဏီမှ လေကြောင်းလိုင်းခွဲဈေးကွက်




များကို တိုးချဲ့ဖွင့်လှစ်နိုင်ရန် တက်ကြွစွာလမ်းညွှန်သွားမည်ဖြစ်ပြီး ပိုမိုလွယ်ကူချောမွေ့သော လေကြောင်းလမ်းမကြီးကို တည်ဆောက်မည်ဖြစ်ကြောင်း၊ ကူမင်း၏ဖြာထွက်ဦးဆောင်မှုဖြင့်ယူနန်ပြည်နယ်ကို တရုတ်နိုင်ငံ ပြည်မကြီးခရီးသွားအသိုက်အဝန်းမှ အရှေ့တောင်အာရှ၊ တောင်အာရှတို့နှင့် ချိတ်ဆက်နိုင်သည့် အချက်အချာကျနေရာနှင့် ခရီးသွားရန်ပန်းတိုင်အဖြစ်တည်ဆောက်ပြီး ယူနန်ပြည်နယ်၏ မြို့ပြလေကြောင်းတိုးတက်မှုအရည်အသွေးကို အဘက်ဘက်မှ မြှင့်တင်ပေးမည်ဖြစ်ကြောင်း သိရသည်။

မိတ်ဆက်ခြင်းအရ အာရှလေကြောင်းလိုင်း ဖွံ့ဖြိုးတိုးတက်ရေး ညီလာခံကို ဗြိတိန်နိုင်ငံ UBM လေကြောင်းကုမ္ပဏီအုပ်စုမှ ကြီးမှူးကျင်းပခဲ့ခြင်းဖြစ်ကြောင်း၊ ယင်းညီလာခံကို ၂၀၀၃ခုနှစ်တွင် စတင်ကျင်းပခဲ့ခြင်းဖြစ်ပြီး ယခင်ကကွာလာလန်ပူ၊ ဘန်ကောက်၊ ဆိုးလ်၊ မွန်ဘိုင်း၊ ချင်ဒူး၊ မကာအိုစသည့်မြို့များတွင် ကျင်းပခဲ့ကြောင်း၊ အာရှဒေသလေကြောင်းဈေးကွက်ချဲ့ထွင်ရေးနှင့် လေကြောင်းလိုင်း ဖွံ့ဖြိုးရေးအတွက် အရေးပါသောအခန်းတွင် ပါဝင်လျက်ရှိကြောင်း သိရသည်။

ချောင်ကျယ်

# ယူနန်ပြည်နယ်သည် နိုင်ငံတော်အဆင့်

## ပြည်ပယဉ်ကျေးမှုကုန်သွယ်ရေးစခန်း တည်ထောင်ရန် လျှောက်ထား



မတ် ၁၇ ရက်တွင် ယူနန်ကျိယွင် ချင်းနောင် ကျောက်မျက်ရတနာ လုပ်ငန်း ကုမ္ပဏီလီမိတက်နှင့် ယူနန်ယဉ်ကျေးမှု လုပ်ငန်းရင်းနှီးမြှုပ်နှံရေး ကုမ္ပဏီများ အုပ်စုရှယ်ယာချုပ်ကိုင်ရေး ကုမ္ပဏီလီ မိတက်တို့သည် စာချုပ်ချုပ်ဆို၍ ယူနန် ယဉ်ကျေးမှုလုပ်ငန်း နိုင်ငံတော်အဆင့် ပြည်ပယဉ်ကျေးမှု ကုန်သွယ်ရေးစခန်း ကုမ္ပဏီလီမိတက်ကိုလက်တွဲ၍ ဦးဆောင် တည်ထောင်ကြပြီး "နိုင်ငံတော်အဆင့် ပြည်ပယဉ်ကျေးမှု ကုန်သွယ်ရေး စခန်း (ယူနန်)" တည်ဆောက်နိုင်ရေးအတွက် လျှောက်ထားရန် စတင်ပြင်ဆင်နေပါ သည်။

ယခုအထိ ခွင့်ပြုချက်ဖြင့် ဖွင့်လှစ် ထားသော နိုင်ငံတော်အဆင့် ပြည်ပ ယဉ်ကျေးမှု ကုန်သွယ်ရေးစခန်းမှာ စုစု ပေါင်း(၃) ခုရှိကြောင်း၊ ပေကျင်း၊ ရှန်ဟဲနှင့် ရှင်းကျင့်မြို့တို့တွင် အသီးသီး တည်ရှိ ကြောင်း သတင်းအရသိရသည်။ ယူနန် ယဉ်ကျေးမှုလုပ်ငန်း နိုင်ငံတော် အဆင့် ပြည်ပယဉ်ကျေးမှု ကုန်သွယ်ရေးစခန်း ကုမ္ပဏီလီမိတက်၏ မှတ်ပုံတင်ရန်နှင့် လုပ်ငန်းလုပ်ဆောင်ရန် နေရာတို့မှာ ယူနန်ယဉ်ကျေးမှု ဆန်းသစ်တီထွင်ရေး ကုန်စည်ပြပွဲ ခြံဝင်းအတွင်း၌ ဖွင့်လှစ် ထားပြီး ယင်းနေရာတွင် ဖွင့်လှစ်ခြင်း ၏ရည်ရွယ်ချက်မှာ ပွင့်လင်းမြင်သာသော၊ စွမ်းဆောင်ချက်စုံလင်သော (မာတီ ဖန်ရှင်)၊ နိုင်ငံတကာ အဆင့်မီသော နိုင်ငံတော်အဆင့် ပြည်ပယဉ်ကျေးမှု ကုန်သွယ်ရေးစခန်းကို တည်ဆောက်ခြင်း အားဖြင့် အထွေထွေ ပြည်ပယဉ်ကျေးမှု ကုန်သွယ်ရေး ဝန်ဆောင်မှုဝရန်တာ၊ အပြည်ပြည်ဆိုင်ရာ နယ်စပ်ဂိတ်မျိုးကုန် ပစ္စည်းဈေးကွက်နှင့် အရေးပါသည့် အကြောင်းအချက် ဈေးကွက်များကို တည် ဆောက်နိုင်ရန်ဖြစ်သည်။

ကျိယွင်ချင်းနောင် ကုမ္ပဏီလီမိ တက်မှ သက်ဆိုင်ရာ တာဝန်ရှိသူ၏ မိတ် ဆက်ခြင်းအရ ယူနန်ကျိယွင်ချင်းနောင် အပြည်ပြည်ဆိုင်ရာ ကျောက်မျက်ရတနာ ယဉ်ကျေးမှု ဆန်းသစ်တီထွင်မှု ကုန်စည် ပြပွဲခြံ၏ လုပ်ကိုင်ရန် လုပ်ငန်းများကို ယခုနှစ် ဖေဖော်ဝါရီလမှစ၍ "ယူနန်ယဉ် ကျေးမှုဆန်းသစ်တီထွင်ရေး ကုန်စည် ပြပွဲခြံ" ဟုတရားဝင်ခေါ်တွင်ခဲ့ရကြောင်း သိရပါသည်။ ယခုအထိ ပထမအဆင့် လုပ်ငန်းကို စတုရန်းမီတာ ၁.၇ သိန်း ဆောက်လုပ်ပြီးစီးပြီး ကုမ္ပဏီ(၆၃)ခုတို့ မှအောင်မြင်စွာဝင်ရောက် အခြေချနိုင် ကာလုပ်ငန်းအမျိုး အစားများမှာ ကျောက် မျက်ရတနာ ဆန်းသစ်တီထွင်မှုနှင့် အချောကိုင်မှု၊ ရောင်းချမှု၊ ဒြပ်မဲ့ယဉ် ကျေး မှုအမွေဆက်ခံမှု၊ အင်တာနက် ရုပ်ရှင်နှင့် ရုပ်မြင်သံကြား၊ အံ့ဖွယ် ကျောက်များနှင့် သစ်သားထည် လက်ရာ များ၊ Copperhead spot tin စသည် တို့ ပါဝင်ပါသည်။ လောလောဆယ်တွင် ထုတ်ကုန်တန်ဖိုး စုစုပေါင်း ယွမ်၁၅၀ သန်း၊ အမြတ်နှင့်အခွန် ယွမ်၅၀သန်း၊ ပို့ကုန်သွင်းကုန်ပမာဏ ဒေါ်လာ၈၀ သန်း ဖော်ဆောင်ခဲ့သည်။ ဒုတိယအဆင့် လုပ်ငန်းဖြစ်သည့် အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှု ကုန်စည်ပြပွဲ စင်တာကို ယခုနှစ် ဇူလိုင်လတွင် တရားဝင်ဖွင့် လှစ်ပြီး အသုံးပြုမည်ဟု လျာထားပါ သည်။

"ယူနန်၌ အခြေစိုက်၊ တစ်ပြည် လုံးသို့ ဝန်ဆောင်မှုပေးပြီး အရှေ့တောင် အာရှနှင့်တောင်အာရှတို့ကို မျက်နှာမူ ဖြာထွက်သော၊ အပြည်ပြည်ဆိုင်ရာ ယဉ်ကျေးမှုပြိုင်ဆိုင်မှုနှင့် ပူးပေါင်း ဆောင်ရွက်မှု အနေအထားတွင် အရေး ပါသည့်အခန်းထဲ ပါဝင်မည်ဖြစ်သည်။" ယူနန်ကျိယွင်ချင်းနောင် ကျောက်မျက် ရတနာလုပ်ငန်း ကုမ္ပဏီလီမိတက်မန် နေဂျင်းဒါရိုက်တာ ကျိုးရှောင်ဒုံးက ယူနန်ယဉ်ကျေးမှု ဆန်းသစ်တီထွင်ရေး ကုန်စည်ပြပွဲခြံသည် ယူနန်ထွက်ကုန် အချောကိုင်ရေးဇုန်တွင် တည်ရှိထားခြင်း ဟူသော ထူးခြားသည့် တည်နေရာနှင့် ပေါ်လစီဆိုင်ရာ အားသာချက်ကို ပြည့် ဝစွာ ဖော်ထုတ်နိုင်ရန် ယူနန်ယဉ်ကျေးမှု လုပ်ငန်းရင်းနှီးမြှုပ်နှံရေး ကုမ္ပဏီများ အုပ်စုသည် အားကြီးစွာ ပါဝင်ဆောင် ရွက်ပြီး ကျိယွင်ချင်းနောင် ကုမ္ပဏီကို ကြားခံဝန်အဖြစ် အသုံးပြုကာ "နိုင်ငံ တော်အဆင့် ပြည်ပယဉ်ကျေးမှု ကုန်သွယ် ရေးစခန်း" ကိုလက်တွဲ ဖွင့်လှစ်ရန် လျှောက်ထားရခြင်းဖြစ်ကြောင်း၊ ထို့ ကြောင့် ကုမ္ပဏီသစ်သည် ထိုသို့ပေါ် ထွက်လာရပြီး ယူနန်ယဉ်ကျေးမှုမှ ပြည်ပ




ကုန်သွယ်ရေးအတွက် ကဏ္ဍသစ်ဖွင့် လှစ်ပေးလိုက်ကြောင်း စသည်ဖြင့်ပြော ကြားသွား ပါသည်။

တရုတ်နိုင်ငံအစိုးရ ယဉ်ကျေးမှု ဝန်ကြီးဌာန၏ အထွေထွေစီမံကိန်းအရ လာမည့်နှစ်များအတွင်း တရုတ်နိုင်ငံသည် နိုင်ငံတော်အဆင့် ပြည်ပယဉ်ကျေးမှု ကုန်သွယ်ရေးစခန်းတစ်သုတ်ကို တစတစ တည်ထောင်သွားမည်ဖြစ်ကြောင်း၊ ယဉ် ကျေးမှုဆိုင်ရာ ပို့ကုန်သွင်းကုန် လုပ်ငန်း၊ ယဉ်ကျေးမှုဆိုင်ရာ နာမည်ကျော် ကုန် အမှတ်တံဆိပ် လုပ်ငန်းများစုစည်းရေး၊ ယဉ်ကျေးမှုကုန်သွယ်ရေးဆိုင်ရာ ငွေကြေး ပေါ်လစီစမ်းသပ်ရေး၊ ယဉ်ကျေးမှုကုန် ပစ္စည်းများ ပြသမိတ်ဆက်ရေး၊ ယဉ်ကျေးမှု ကုန်သွယ်ရေးလုပ်ငန်း ထူးချွန်သူများ လေ့ကျင့်မွေးထုတ်ရေး စသည့်သက်ဆိုင် ရာလုပ်ငန်းများနှင့် ပတ်သက်ပြီး စခန်း တည်ဆောက်ရေး လုပ်ငန်းများကိုဖော် ဆောင်သွားမည်ဟု သတင်းအရသိရှိရ ပါသည်။

လိဖေး

# ယူနန်ဆပ်ကပ် "တိုင်(ရှမ်း) ဗုံသံယောဇဉ်" သည် အပြည်ပြည်ဆိုင်ရာဆပ်ကပ်ပွဲတော်တွင် ငွေတံဆိပ်ဆွတ်ခူးရရှိ





ယခုရက်ပိုင်းတွင် သတင်းထောက် သည် ယူနန်ပြည်နယ်ဆပ်ကပ်အဖွဲ့မှ ရရှိထားသောသတင်းအရ မကြာမီကျင်း ပပြီးစီးသော စတုတ္ထအကြိမ် စပိန်နိုင်ငံ Figueres အပြည်ပြည်ဆိုင်ရာ ဆပ်ကပ် ပွဲတော်တွင် ယူနန်ပြည်နယ် ဆပ်ကပ် အဖွဲ့နှင့် ကျန့်ချီးအနုပညာအဖွဲ့ ဆပ်ကပ် အဖွဲ့ခွဲတို့မှ ပူးပေါင်း၍တင်ဆက်ကြသော ဆန်းသစ်တီထွင်မှုအစီအစဉ် "ဗုံနင်း၍ ညီမျှပုံ---တိုင်(ရှမ်း) ဗုံသံယောဇဉ်" သည် ငွေတံဆိပ်ကို ဆွတ်ခူးရရှိနိုင်ခဲ့ပြီး အကောင်းဆုံး တင်ဆက်မှုဆုနှင့် ဝိသေသ အရှိဆုံး ဆုဖြစ်သည့်ဆပ်ကပ် ကျင်းပရေး ကော်မတီမှ အထူးချီးမြှင့်ပေးသည့် သီးခြား ဆုနှစ်ခုကိုလည်း ရရှိခဲ့ကြောင်း သိရပါသည်။

နိုင်ငံတကာတွင် နာမည်ကျော် ကြားသောစပိန်နိုင်ငံ Figueres အပြည် ပြည်ဆိုင်ရာ ဆပ်ကပ်ပွဲတော်ကို ယခု ထက်တိုင် လေးကြိမ်ကျင်းပခဲ့ပြီးဖြစ် ကြောင်း သိရသည်။ ယင်းပွဲတော်သည် ဆန်းသစ်သော ဆပ်ကပ်အစီအစဉ်များ ကို အထူးအလေးပေးလေ့ရှိသဖြင့် ကျော် ကြားလာခြင်း ဖြစ်သည်ဟုသိရသည်။ ယခုအကြိမ် ပါဝင်ယှဉ်ပြိုင်ကြသော အစီ အစဉ်(၂၄)ခုတို့မှာရုရှား၊ ဘေလိုရုရှား၊ မြောက်ကိုးရီးယား၊ ယူကရိန်း၊ ကျူးဘား စသည့် ဆပ်ကပ်ထွန်းကားသည့် နိုင်ငံ (၁၆) နိုင်ငံတို့မှ လာရောက်ခြင်းဖြစ် သည်။ ပါဝင်ယှဉ်ပြိုင်ခဲ့သော အစီအစဉ် အားလုံးသည် ဥရောပတွင် ပထမဦး ဆုံးအကြိမ် တင်ဆက်ပြသသော အသစ် အဆန်း ဆပ်ကပ်အစီအစဉ်များ ဖြစ်ကြ သည်။ အစွမ်းထက်မြက်သူ မြောက်မြား စွာရှိသော ဆပ်ကပ်ထွန်း ကားသည့် နိုင်ငံများနှင့်ရင်ဆိုင်၍ "ဗုံနင်း၍ ညီမျှ ပုံ--- တိုင်(ရှမ်း) ဗုံသံယောဇဉ်" သည် "ခြေပေါ်ပန်းပေါက်" ဟူသော ခက်ခဲ လှသည့် ဗုံနင်းအတတ်၊ ကျွမ်းကျင်လှ သည့်ညီမျှမှုအတတ်၊ တိုင်းရင်းသား လူနည်းစု၏ ဝိသေသနှင့်ပြည့် စုံသည့် "ဗုံးကစား" အခြေအနေတို့ဖြင့် စိတ်လှုပ် ရှားဖွယ်ကောင်းသော တိုင်လူမျိုးပန်း ချီတစ်ချပ်ကို ရေးဆွဲသည့်ပမာ အမှတ် ပေးဒိုင်လူကြီးအားလုံးနှင့် ပရိသတ်များ က ချီးကျူးပေးခဲ့ပါသည်။

ယန်ယန့်၊ လျူကျိယွီ

# တယ်ဟုန်ပြည်နယ်ခွဲသည် မြန်မာနိုင်ငံနှင့်ဆက်ဆံရေးသုတေသနပြုရန် အကြောင်းအရာဆိုင်ရာ စုံစမ်းမေးမြန်းဆွေးနွေးပွဲ ကျင်းပ

တယ်ဟုန်ပြည်နယ်ခွဲ လူမှုသိပ္ပံ ရေးရာသမဂ္ဂ၊ ပြည်နယ်ခွဲ တရုတ်-မြန်မာ ဆက်ဆံရေး သုတေသနဌာန၊ ကူမင်းမြို့ ရှိ တယ်ဟုန်ပြည်နယ်ခွဲအစိုးရရုံးတို့မှ ပူးပေါင်းကျင်းပသော မြန်မာနိုင်ငံနှင့် ဆက်ဆံရေးသုတေသနပြုရန် အကြောင်းအရာဆိုင်ရာ စုံစမ်းမေးမြန်းဆွေးနွေးပွဲကို မကြာသေးမီရက်ပိုင်းက ကူမင်းမြို့၌ ကျင်းပခဲ့ပါသည်။ ဆွေးနွေးပွဲတွင် ပညာရှင်များမှ တင်ပြကြသောအကြံပေးချက်များကို ဂရုတစိုက်နားထောင်ခဲ့ပြီး တယ်ဟုန်ပြည်နယ်ခွဲအနေနှင့်နိုင်ငံတော်နှင့် ယူနန်ပြည်နယ်၏တံခါးဖွင့်ဖွံ့ဖြိုးတိုးတက်ရေးမဟာဗျူဟာကို လက်ဦးမှုရှိရှိနှင့်ဝန်ဆောင်မှုပေးသင့်ကြောင်း၊ အတွေးအမြင်များပြောင်းလဲပြီး အလေးထားအချက်များကိုဖော်ထုတ်သင့်ကြောင်း၊ မြန်မာနိုင်ငံနှင့်ဆက်ဆံရေးအတွက် သုတေသနပြုစဉ် ပိုမိုရည်စူးပြီးပိုမိုအသုံးကျစေလိုကြောင်း၊ ပြည်နယ်ခွဲပါတီကော်မတီ၊ ပြည်နယ်ခွဲ အစိုးရအတွက် သိပ္ပံနည်းကျသောဆုံးဖြတ်ရန်အထောက်အထားများ တင်ပြပေးရမည်ဖြစ်ကြောင်း ယူဆထားပါသည်။

ဆွေးနွေးပွဲတွင် ပြည်နယ်ခွဲလူမှုသိပ္ပံရေးရာသမဂ္ဂမှ ခေါင်းဆောင်က တယ်ဟုန်ပြည်နယ်ခွဲရှိတရုတ်-မြန်မာဆက်ဆံရေးသုတေသနဌာန တည်ထောင်ခြင်း၏နောက်ခံကြောင်း၊ တာဝန်နှင့်လုပ်ငန်းအခြေအနေများကို တက်ရောက်လာကြသည့် ပညာရှင်များအား ရှင်းလင်းတင်ပြခဲ့သည်။ ပညာရှင်နှင့်သုတေသီများသည် ပွင့်ပွင့်လင်းလင်း ရင်ဖွင့်ပြောဆိုကြပြီး အောက်ပါအမြင်တူများရရှိခဲ့သည်။ တယ်ဟုန်ပြည်နယ်ခွဲအနေနှင့် မြန်မာနိုင်ငံနှင့် ဆက်ဆံရေးအကြောင်းကို သုတေသနပြုသည်မှာ အလွန်အရေးကြီးပါကြောင်း၊ တယ်ဟုန်ပြည်နယ်ခွဲ ပါတီကော်မတီ၊ ပြည်နယ်ခွဲအစိုးရ၏ ဆုံးဖြတ်ချက်များသည် မှန်ကန်ပါကြောင်း၊ မြန်မာနိုင်ငံနှင့် ဆက်ဆံရေးဆိုင်ရာ သုတေသနပြုရန် အကြောင်းအရာမှာ တယ်ဟုန်ပြည်နယ်ခွဲ၏လက်တွေ့အခြေအနေနှင့် ဝိသေသထူးခြားချက်များကို ပိုမိုပေါ်လွင်စေသင့်ကြောင်း၊ သုတေသနပြုမည့်အကြောင်းအရာများကို ရည်စူးပြီး သတ်မှတ်အချိန်အတွင်း အရာရောက်စေရန် တိုးမြှင့်ဆောင်ရွက်လိုကြောင်း၊ ဖွံ့ဖြိုးမှုစမ်းသပ်ဇုန် တည်ဆောက်ရေး၊ဘင်္ဂလားဒေ့ရှ်-တရုတ်-အိန္ဒိယ-မြန်မာစီးပွားရေးစင်္ကြံ၊ "ဇုန်တစ်ဇုန် လမ်းတစ်လမ်း"မဟာဗျူဟာစီမံကိန်းစသည်များနှင့်ပတ်သက်၍ သီးခြားသောအကြောင်းအရာဆိုင်ရာ သုတေသနပြုလုပ်ငန်းကို အရှိန်အဟုန်ဖြင့် ဆောင်ရွက်သင့်ကြောင်း၊ တချိန်တည်းတွင် မြန်မာနိုင်ငံနှင့် ကဏ္ဍာပေါင်းစုံဖလှယ်ရေးနှင့် ပူးပေါင်းဆောင်ရွက်ရေးကို အဆင့်မြှင့်ဆောင် ရွက်သင့်ကြောင်း၊ တယ်ဟုန်ပြည်နယ်ခွဲအနေနှင့် ထိုသို့သော ဆွေးနွေးပွဲမျိုးကိုပိုမိုကျင်းပကြပြီး သုတေသနအောင်မြင်မှုများကို အတူတကွမျှဝေကြကာ တစ်ပြည်နယ်လုံး၏တံခါးဖွင့်ဖွံ့ဖြိုးမှုအတွက် သိပ္ပံနည်းကျသော သဘောတရားဆိုင်ရာ အထောက်အထားများကို တင်ပြပေးမည်ဟု မျှော်လင့်ကြောင်းစသည်တို့ဖြစ်ပါသည်။



ယူနန်ပြည်နယ်လူမှုသိပ္ပံရေးရာသမဂ္ဂဒုတိယဥက္ကဋ္ဌ၊ ပြည်နယ်အစိုးရအကြံပေး၊ ဒေါက်တာဘွဲ့ယူသင်တန်းသား၏နည်းပြဆရာကြီးဟော်ရှိန်တာက တယ်ဟုန်ပြည်နယ်ခွဲ၏ တည်နေရာ၊ လူစွမ်းအားအားသာချက်များကို ပြည့်ပြည့်ဝဝဖော်ထုတ်၍ သုတေသနပြုရန် ပန်းတိုင်များကို မှန်မှန်ကန်ကန် ရှာဖွေပြီး အသေးစိတ် အကြောင်းအရာများ ခွဲခြား၍သုတေသနပြုလိုကြောင်း၊ အရည်အသွေးမြင့်မားသော သုတေသနအစီရင်ခံ စာများကို ထုတ်ဖော်တင်ပြ၍ နိုင်ငံတော်၏ "ဇုန်တစ်ဇုန်လမ်းတစ်လမ်း" တည်ဆောက်ရေးနှင့် ရွှေလီနိုင်ငံတော် အလေးပေးတံခါးဖွင့်ဖွံ့ဖြိုးတိုးတက်မှု စမ်းသပ်ရေးဇုန် တည်ဆောက်ရေးအတွက် ဝန်ဆောင်မှုပေးပြီး တယ်ဟုန်ပြည်နယ်ခွဲကို မြန်မာနိုင်ငံသို့ ဖြာထွက်မည့် စင်တာအဖြစ် တည်ဆောက်သွားလိုကြောင်း ပြောကြား သွားပါသည်။

# ရေဗုံအက – တအောင်းလူမျိုးတို့၏လျှို့ဝှက်သောနာမည်ကတ်


ပွဲတော်နေ့ရောက်တိုင်း တယ်ဟုန်ပြည်နယ်ခွဲရှိ တအောင်းတိုင်းရင်းသားကျေးရွာများတွင် ကျယ်လောင်လှသော ဗုံတီးသံများကို ကြားရစမြဲဖြစ်သည်။ တအောင်းတိုင်းရင်းသားလူမျိုးတို့သည် ဗုံသံအလိုက် ပျော်မြူးသောအကများကို ကကြခုန်ကြသည်။ ဤသည်ကား တအောင်းလူမျိုးများ၏အက-ရေဗုံအကပင်ဖြစ်ပါသည်။

တအောင်းလူမျိုးများ၏ရေဗုံအကသည် တအောင်းတိုင်းရင်းသားများ၏ရဲစွမ်းသတ္တိ၊ လုံ့လဝီရိယ၊ စိတ်ကောင်းစေတနာစသည်တို့ကိုကိုယ်စားပြုခြင်းဖြစ်ပါသည်။ ကကွက်မှာ အလွန်ထူးဆန်းလှပါသည်။ တစ်နိုင်ငံလုံးဆိုင်ရာတိုင်းရင်းသားဗုံအကဗုံတေးသံပြိုင်ပွဲတွင် အနုပညာတောင်ပန်းဆုကို ရရှိခဲ့ပါသည်။ လောလောဆယ်တွင် နိုင်ငံတော်အဆင့် ဒြပ်မဲ့ယဉ်ကျေးမှု အမွေအနှစ်ဆက်ခံရေး၏ ကာကွယ်ထိန်းသိမ်းရန်စီမံကိန်းအဖြစ် သတ်မှတ်ထားပြီးဖြစ်ပါသည်။ အကကရာတွင် ဗုံကိုလည်ပင်းပေါ်တွင် ချိတ်ဆွဲထားပြီး ခန္ဓာကိုယ်ရှေ့တွင် ထားရှိရပါသည်။

ဗုံတီးရင်း အကကလေ့ရှိပါသည်။ မောင်း၊ ချားတို့နှင့် တွဲဖက် တင်ဆက်လေ့ရှိပြီး ဗုံသံသည်ငြိမ့်ညောင်းတည်ကြည်လှပါသည်။

ရေဗုံသည် တအောင်းတိုင်းရင်းသားလူမျိုး၏အဓိက တီးခတ်တူရိယာတစ်မျိုးဖြစ်သည်။ ဗုံကိုယ်ထည်သည် အသင့်အတင့်ပျော့ပျောင်းပြီး အရည်အသွေးကောင်းမွန်သောသစ်သားဖြင့် ပြုလုပ်ထားခြင်းဖြစ်ပါသည်။ ပထမဦးစွာ သစ်ပင်၏ပင်စည်အလည်အသားများကို ကော်ထုတ်ရသည်။ ဗုံကိုယ်ထည်၏ အပေါ်ယံတွင် ပန်းပြောက် သို့မဟုတ် တအောင်းတိုင်းရင်းသားများ၏ လိုကိုပုံများကို ရေးဆွဲပေးလေ့ရှိသည်။ သာမန်အားဖြင့် ဗုံကိုယ်ထည်၏အရှည်မှာ ၁. ၅ မီတာမှ ၂ မီတာအထိ ရှိပါသည်။ ခေါင်းပိုင်းကြီးပြီး အမြီးပိုင်းသေးသွယ်ပါသည်။ ဗုံ၏နှစ်ဘက်အစွန်းပိုင်းကို အရည်အသွေးကောင်းမွန်သောနွားသားရေ သို့မဟုတ် မြွေဟောက်သားရေဖြင့် ဖုံးအုပ်ထားပြီး နွားအကြောဖြင့် ရှေ့နောက်ရောယှက်ချည်နှောင်လိုက်ခြင်းဖြစ်ပါသည်။ ဗုံကိုယ်ထည်ပြုလုပ်ပြီးလျှင် အလယ်တွင် အဝိုင်းပေါက်လေးတစ်ခုကို ဖောက်လိုက်သည်။ ဗုံမတီးမီ ရေ(၁-၂)ကျင်း(တရုတ်အလေးချိန်ယူနစ်)ကို ထည့်လိုက်ပြီး ဗုံမျက်နှာပြင်သားရေပေါ်တွင် ရွှံ့အဝါများဖြင့် သုတ်လိမ်းလိုက်သည်။ ဗုံမျက်နှာပြင်နှင့်ဗုံအတွင်းပိုင်း စိုစွတ်ပြီးလျှင် ပိုလျှံသောရေများကို ပြန်လည်သွန်ထုတ်ပြီး ဗုံကို တီးနိုင်ပြီဖြစ်သည်။ ရေစွတ်ပြီးသော ဗုံသည် အသံကြည်ပြီး သာယာလှပါသည်။ ရသလည်း တမူထူးခြားလှပါသည်။ မောင်း၊ ချားစသည့်တူရိယာများနှင့် တွဲဖက်၍ တီးလိုက်လျှင် ရေဗုံ၏အထူးအနုပညာညို့ဓာတ် ပိုများစွာပါရှိမှာဖြစ်ပါသည်။

ရေဗုံအကသည် တစ်ဦးတည်းလည်း ကနိုင်သည်။ ရေဗုံသံအလိုက် လူအများဖြင့်လည်း ကနိုင်သည်။ ရွှေလီမြို့ရေဗုံအက တင်ဆက်ပြသရေးအဖွဲ့သည် ဖိတ်ကြားချက်အရ《ရွှေလီမြစ်ကမ်းနားမှ ဗုံသံ》၊《ရေဗုံ၏ရသ》နှင့်《ရေဗုံဖြင့် အချစ်ပြန့်ပွားခြင်း》စသည့်အစီအစဉ်များဖြင့် ရှန်ဟိုင်း၊ ဟောင် ကောင်စသည့်ဒေသများတွင် တင်ဆက် ပြသခဲ့သည်။ လက်ရှိအချိန်တွင် ရေဗုံအက၏ အဓိကကျသော အမွေဆက်ခံသူများမှာ ရွှေလီမြို့၊ မိုင်ရှိုးကျေးရွာအုပ်စု၊ မိုင်ရှိုးကျေးရွာစီမံအုပ်ချုပ်ရေးကော်မတီမှ မန်ရှမ်း၊ အိုက်ရှမ်း၊ အိုက်ဝမ်စသူတို့ ဖြစ်ပြီး သက်ကြီး၊ သက်လတ်နှင့် သက်ငယ်ဟူသော အမွေဆက်ခံမှု စနစ်ဖြစ် တည်လာပြီးဖြစ်ပါသည်။ တအောင်းလူမျိုးတို့၏ရေဗုံအကသည် ဒြပ်မဲ့ယဉ်ကျေးမှုအမွေအနှစ်စာရင်းထဲ ထည့်သွင်းပြီးသည့်နောက်တအောင်းတိုင်းရင်းသားများ၏"ရေဗုံအက"ကို အမွေဆက်ခံရန်နှင့် ကာကွယ်ရန်အတွက် အခွင့်အလမ်းသစ် ရရှိလာပါသည်။





လျူရှန်ယွမ်၊ ဝမ်ယွင်ရွှေ